# သစ်တောပြုန်းတီးမှုနှင့်လူ့အခွင့်အရေး

**APHR** ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

အာဆီယံနိုင်ငံများအတွင်း၌ရှိသော သစ်တောများသည် ဟက်တာ ၁၉၃သန်းကျော် (သို့မဟုတ်) မြေမျက်နှာပြင်ဧရိယာ၏ ၄၄% ကိုဖုံးလွှမ်းထားပါသည်။ ထိုသစ်တောများသည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာတည်ငြိမ်မှုတို့တွင်ပါဝင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ နေ့စဉ်အ သက်တာတွင် အရေးပါသည့်အခန်းကဏ္ဍအဖြစ်တည်ရှိနေသည်။

ဒေသတွင်းရှိ သစ်တောများသည် ပြန်းတီးခံရနိုင်ချေ၏ စိုးရိမ်ဖွယ်ရာအနေအထားတွင်ရှိ နေဆဲ ဖြစ်ပြီး ၇ ဟက်ကာ(သို့မဟုတ်) ၃.၄%နည်းပါးလျော့ကျသွားသည်။ ၂၀၁၃ ခုနှစ်ကတည်း၌ မီးလောင်ကျမ်းမှု၊ လေထုညစ်ညမ်းမှုနှင့် ရာသီဉတုပြောင်းလဲမှုတို့သည် ဇီဝမျိုးစုံမျိုးကွဲများကိုများစွာ
ဆုံးရှုံးမှုဖြစ်စေပါသည်။ အများအားဖြင့် စက်မှုလုပ်ငန်းများမှ ဆောင်ရက်နေသော လယ်ယာစိုက်ပျိုး ရေးနှင့်ကောက်ပဲသီးနှံစိုက်ပျိုးမှုများ ကြောင့်ဖြစ်သည်။

ဤစွရက်စာတမ်း၌ သစ်တောကာကွယ်မှုနှင့် စီမံခန့်ခွဲမှုပြုခြင်း၊ လေထုညစ်ညမ်းမှုနှင့် ရာသီဉတုဆိုးကျိုးသက်ရောက်မှုများ အားလျော့ချရာတွင် အရေးတော်အာရှရှိဉပဒေပြုသူများမှ သေချာစွာဆောင်ရက်ကြရန်စသည့်အဓိကသတင်းအချက်အလက်များနှင့် အဆင့်များကို ဖော်ပြထား ပါသည်။

## လူ့အခွင့်အရေးအားလေးစားရန် မည်သည့်အတွက်ကြောင့် သစ်တောများကိုကာကွယ်စောင့်ရှောက်ရန်လိုအပ်သနည်း။

### ကျန်းမာရေးဆိုင်ရာအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်

သစ်တောပြုန်းတီးမှု၊ တောရိုင်းတိရိစ္ဆာန်များနှင့်ထိတွေ့မှုများလာခြင်းတို့သည် COVID -19 ရောဂါ ကဲ့သို့သော ကူးစက်ရောဂါများကို ပိုမိုဖြစ်စေသည်။

ကောက်ပဲသီးနှံများကိုစိုက်ပျိုးရန် သစ်တောများကိုမီးရှို့ခြင်းသည် အသက်ရှုလမ်းကြောင်းဆိုင်ရာ၊ ဦးနှောက်နှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် ဆက်စပ်သည့် ညစ်ညမ်းမှုအဆင့်များစွာကိုဖြစ်ပေါ်စေနိုင်သည်။ နှစ်စဉ် ကမ္ဘာတစ်ဝှမ်းလုံးတွင် သစ်တောမီးလောင်ကျမ်းမှုများကြောင့် လူသေဆုံးမှုနှုန်းသည့် ခန့်မှန်းခြေအားဖြင့် ၂၅၀-၆၀၀,၀၀၀ ဦးအထိရှိသည်။ သစ်တောမီးလောက်ကျမ်းမှုကြောင့် မွေးကင်းစကလေးနှင့် ကလေးသေဆုံး မှု၊ သာယာဝပြောမှုနှင့် ရုပ်ပိုင်းဆိုင်ရာကြီးထွားနှုန်းကိုပါ သိသာထင်ရှားစွာ သက်ရောက်မှုများရှိစေပါသည်။

လူသားတို့သည် ဆေးဖက်ဝင်အပင်မျိုးစိတ်ပေါင်း ၂၈၀၀၀ ကိုမှီခိုအားထားကြရသည်။ ၎င်းတို့ကို အများအားဖြင့် သစ်တောဂေဟစနစ်တွင်တွေ့ရှိရသည်။ သစ်တောများသည် လူတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ်အပြုသဘောသက်ရောက်မှုများရှိပြီး များစွာသောသူများအတွက်  နက်ရှိုင်းသော အပြန်အလှန်ဆက်နွယ်မှုရှိနေသည်။





## ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အာမခံရန်

သစ်တောများသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာတွင် အွလနေ်အရေးပါလှသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် သစ်တော များမှ၈၆သန်းကျော် ထုတ်ကုန်များကိုထုတ်လုပ်လျက်ရှိပြီး များစွာသောသူများ၏ အသက်မွေးဝမ်းကျောင်းကို လည်းများစွာ အထောက်အကူဖြစ်စေသည်။

ကောင်းမွန်သန်မာစွာရှင်သန်လျက်ရှိသောသစ်တောများသည် အစားအစာ၊ အာဟာရ၊ သောက်သုံးရေ၊ ခိုလှုံရာနေရာ၊ ဝင်ငွေရစေသော အခွင့်အလမ်းများကိုပေးပါသည်။ အထူးသဖြင့်၊ ၎င်းသည် ခက်ခဲကြပ်တည်းမှု ဖြင့်ရင်ဆိုင်နေရချိန်တွင် မရှိမဖြစ်လိုအပ်သော လုံခြုံမှုဖြစ်လာသည်။

သစ်တောများသည် ရေနှင့်အစားအစာများအား ဝတ်မှုန်ကူးသန်းသည့် ပိုးကောင်ဝလံများအတွက် ထောက်ပံ့ပေးနေပြီး၎င်းတို့သည် မရှိမဖြစ်လိုအပ်သည့် ရေရှည်တည်တံ့သောအစားအစာများနှင့်လုံခြုံမှုကိုပေးပါ
သည်။ အမာ္ဘပေါ်တွင်ရှိသော အစားအစာသီးနှံများသည် ခန့်မှန်းခြေအားဖြင့် တိရစ္ဆာန်ဝတ်မှုန်ကူးခြင်းအပေါ်မှီခိုနေကြသည်။


ဆန့်ကျင်ဖက်အားဖြင့်၊ ကောင်းမွန်သောသစ်တောစီမံခန့်ခွဲမှုမရှိခြင်းနှင့် သစ်တောပြုန်းတီးမှုများမှ ဖြစ်ပေါ်လာသောရောဂါဘယတိုးများလာခြင်း၊ မီးလောင်ကျမ်းမှုလျော့ကျစေခြင်း၊ အေရးပေါ်လုပ်ငန်းများနှင့် တန်ဖိုးရှိသောအရင်းအမြစ်များဆုံးရှုံးမှုများကြောင့် ဘီလီယံနှင့်ချီသောစီးပွားရေးဆုံးရှုံးမှုကိုဖြစ်စေသည်။

## ရာသီဥတုပြောင်းလဲမှုကိုဖြေရှင်းရန်

မြေယာနှင့် သစ်တောများကိုကောင်းမွန်စွာ စီမံခန့်ခွဲမှုမရှိခြင်းသည် ASEAN နိုင်ငံတွင်းရှိ ကမ္ဘာ့လေထု၏ အပူချိန်မြင့်တက်စေသော ကာ္ဘွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း (၂၀၁၄ခုနှစ်တွင် ၄၃%ခန့်) ဖြစ်သည့်ရာသီဥတုပြောင်းလဲခြင်းကိုဖြစ်စေသည်။ ASEANနိုင်ငံတွင်းရှိ သစ်တောများနှင့် ၎င်းတို့အားစီမံခန့်ခွဲမှု သည် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချရန်နှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းအားထုတ်မှုတို့တွင်အွလနေ်ပငေ်အရေးပါလှပါသည်။

သစ်တောများသည် ရာသီဥတုပြောင်းလဲခြင်းမှ ဆိုးကျိုးသက်ရောက်မှုများကဲ့သို့သော ရာသီဥတုဒဏ်ပြင်း ထန်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းထန်ခြင်း၊ အပူလှိုင်းနှင့်မိုးခေါင်ရေရှားခြင်းကို လျှော့ချခြင်းနှင့် သယံဇာတနှင့် အခြားအထောက်အကူများကိုပေးရာတွင် အကူအညီဖြစ်စေနိုင်ပါသည်။

ASEAN နိုင်ငံတွင်းကမ္ဘာ့လေထု၏အပူချိန်မြင့်တက်စေသော ကာ္ဘွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ် ခြင်း အခန်းကဏ္ဍများ
(၂၀၁၄ခုနှစ်၊ ရရှိသည့်လက်တေလအချက်အလက်များ)




ရင်းမြစ် - RECOFT, 2020, လူမှုဆိုင်ရာသစ်တောနှင့်ASEAN နိုင်ငံတွင်းဒေသများရှိ ရာသီဥတုပြောင်း လဲမှု, p.29.

# ပြဿနာ

စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းသည် သစ်တောပြုန်းတီးမှုနှင့်သစ်တောဇီဝမျိုးကွဲများဆုံးရှုံးမှုကို ဖြစ်စေသောအဓိကအကြောင်းအရင်းဖြစ်သည်။ မြေယာပျက်စီးမှုကိုပိုမိုဆိုးရွားစာဖြစ်ပေါ်စေသည့် အကြောင်း အရင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများကို ကျယ်ပြန့်စာလုပ်ကိုင်လာခြင်းမှ မြေယာများကိုမီးရှို့ပစ်ခြင်း၊ ရိတ်သိမ်းချိန်မတိုင်မီနှင့်ပြီးနောက်နှင့် အမျိုးမျိုးသောစိုက်ပျိုးရေး (သို့မဟုတ်) ဓာတုဓာတ် မြေသြဇာ၏ အသုံးပြုမှုတို့ကြောင့်ဖြစ်သည်။

ကုလသမဂ္ဂမှ သစ်တောများကိုကာကွယ်စောင့်ရှောက်ရန်နှင့် ပြန်လည်ထူထောင်ရန်အတွက် ပုံးစံမျိုးစုံဖြင့် အစပြုလုပ်ဆောင်ခဲ့သည်။ သစ်တောပြုန်းတီးမှုလျော့နည်းသွားခြင်းပတ်သက်၍ နိုင်ငံ (၇) နိုင်ငံသာ ရာသီဉတု ပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂမူဘောင်သဘာတူညီချက် (UNFCCC) ထံသို့ တင်ပြခဲ့သည်။

COVID-19 ကပ်ရောဂါဖြစ်ပွားလာမှုမှ ရည်ရှည်တည်တံ့ခိုင်မြဲမှုမရှိသော သစ်တောပြုန်းတီးမှု လုပ်ရပ်များသည် ကျွန်ုပ်တို့အားလုံး၏အနာဂတ်အား မည်မျှအန္တရာယ်ရှိကြောင်း ပြသနေသည်။ သို့သော်လည်း ဤကပ်ရောဂါဖြစ်ပွားချိန်အတွင်း နိုင်ငံများ၌ ၎င်းတို့၏စီးပွားရေးကို မြှင့်တင်ရန် သဘာဝရင်းမြစ်များကို ထုတ်လုပ်သုံးစွဲခြင်းတို့ကြောင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ သစ်ဆုံးရှုံးမှုနှုန်းမှာ ၇၇%နှုန်းမြင့်တက်လာခဲ့သည်။

# လုပ်ဆောင်ရန်လိုအပ်ချက်များ

## သစ်တောကာကွယ်စောင့်ရှောက်ခြင်းအား တိုးမြှင့်လုပ်ဆောင်ရန်

ASEAN အဖွဲ့နိုင်ငံများသည် လူ့အခွင့်အရေး၊ ဌာနေတိုင်းရင်းသားများ အတွက်သီးသန့်အခွင့်အရေး ဓလေ့ထုံး တမ်းမြေယာအခွင့်အရေးတို့နှင့်ကျိုးကြောင်းစီလျော်မှုရှိသောနည်းလမ်းဖြင့် သစ်တောများကိုကာကွယ်စောင့် ရှောက်ရွတင် ကြိုးပမ်းအားထုတ်မှုကို မြှင့်တင်ရမည်ဖြစ်သည်။ အောင်မြင်သောချဉ်းကပ်နည်းတစ်ခုမှာလူမှုဆိုင်ရာသစ်တောနှင့် မြေယာများအား လူမှုအသိုက်အဝိုင်းပိုင် အဆင့်အဖြစ်သို့ပြောင်းကာ စီမံခန့်ခွဲမှုနှင့်စကားစမြည်ပြောကြားမှုတို့အတွက် တိုးမြှင့်လုပ်ဆောင်ခြင်းဖြစ်သည်။ ၂၀၁၀ခုကတည်း၌ မြေမနရာနှစ်ဆနှုန်းဖြင့် ASEAN နိုင်ငံအတွင်း ၁၄ သန်းဟတ်တာနီးပါး ကိုယ်စားပြုသည်။

## သစ်တောများလျော့ကျသွားခြင်းမှ ပြန်လည်ထူထောင်ခြင်း

သစ်တောပြုန်းတီးမှုသည် ဂေဟာစနစ်အတွက် ကျယ်ပြန့်စာလည်ပတ်နေသည့် သစ်တော၏ အထောက်အကူပြုနိုင်မှုကို လျော့ကျေစသည်။ ခန့်မှန်းချက်များအရ ၂၀၁၅ခုနှစ်တင် နဂိုမူလသစ်တောများသည် ၆၀-၈၀% အထိသို့လျော့ကျသွားပြီဖြစ်သည်။ နိုင်ငံပေါင်း ၆၁ နိုင်ငံမှ Bonn Challenge ကပ်ကဲမှုအောက် လျော့ကျသွားသော သစ်တောမြေရာ ၁၇၀ သန်း ဟတ်တာကို ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရက်ကြမည့်ဟု ကတိပြုထားပါသည်။ ထိုနိုင်ငံများထဲ၌ ASEAN အဖွဲ့ဝင်နိုင်ငံများမပါဝင်ပါ။

## ကျွန်ုပ်တို့၏ အစားအစာစနစ်ကိုပြောင်းလဲခြင်း

အသွင်ပြောင်းလဲမှုအတွက် ကျွန်ုပ်တို့၏သစ်တောများနှင့် ၎င်းတို့၏ဇီဝမျိုးစုံမျိုးကွဲများ၊ ကျွန်ုပ်တို့၏အစား အစားဝယ်ယူထုတ်လုပ်ခြင်းနှင့်သဘာဝနှင့်အပြန်အလှန်ထိတွေ့ခြင်းစသည့် စီမံခန့်ခွဲမှုနည်းလမ်းများကိုလို အပ်သည်။မြေယာအသုံးပြုရန်ဆုံးဖြတ်ချက်များကိုချရွတင် သစ်တောများ၏အမှန်တကယ် တန်ဖိုးရှိမှုကို ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးပါသည်။ ဤကဲ့သို့ပြုလုပ်ရန်မှာ ကျယ်ပြန့်သောမြေယာလုပ်ဆောင်မှု၊ စိုက်ပျိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ထုတ်ကုန်အလေ့အထများ၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများစားခြင်း၊ အစားအစာစွန့်ပစ်မှုလျော့ချခြင်းနှင့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများသည် သစ်တောပြုန်တီးမှုမှ ကင်းစင်ကြောင်းသေချာစေရမည်ဖြစ်သည်။

# MP များမှ မည့်သည့်အရာကို လုပ်ဆောင်နိုင်သနည်း။

## ကမ္ဘာ့အဆင့်

- သင်တို့၏အစိုးရအား ကုလသမဂ္ဂအစပျိုးလုပ်ဆောင်မှုများဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆုံးဖြတ်ထည့်ဝင်းသောပဲရစ်သဘောတူညီချက်ရှိ Bonn Challenge နှင့် ရှည်ရယ်ချက်ကြီးမား သောမြေယာ အသုံးပြုမှုနှင့် သစ်တောပြုန်းတီးမှုလျှော့ချရေးပန်းတိုင်တို့တွင် ပူးပေါင်းပါဝင်ရန် တန်းအားပေးရမည်။

- လွှတ်တော်အွဖွဲ့ဝင်ပူးတွဲအသင်းမှ သဘာဝပတ်ဝန်းကျင်ကာွကယ်စောင့် ရှောက်ခြင်းအားမြှင့် တင်ရန်ရှာဖွေလုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့သည် Ecocide မဟာမိတ်အွဖွဲ့များ၊ တစ်ကမ္ဘာလုံးဆိုင်ရာ အသစ်ပြင်ဆင်ရေးအစည်းအေဝးနှင့်လူ့အွခွင့်အရေးအွတက် ASEAN အွဖွဲ့ဝင်နိုင်ငံများလွှတ်တော်တို့ဖြစ်သည်။

## တစ်နိုင်ငံလုံးဆိုင်ရာအဆင့်

- သင်တို့၏အစိုးရအား ကုမ္ပဏီများ၏လုပ်ဆောင်မှုများမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးသက်ရောက်မှုများအွတက် နယ်စပ်ဖြတ် ကျော်စည်းမျဉ်းစည်းကမ်းများကို သေချာွစာဥပေဒပြဋ္ဌာန်းရန် တန်းအားပေးရမည်။ Singapore’s Transboundary Haze Pollution Act, 2014.

- သင်တို့၏နိုင်ငံအား သစ်တောဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ချဉ်းကပ်ရာ၌ အေခြခံအွခွင့်အေရးဖြစ်သော ဌာနေတိုင်းရင်းသားများ၊ မြေယာေလေ့ထုံးတမ်းဆိုင်ရာအွခွင့်အေရးများနှင့်လုပ်ဆောင်မှုများ၊ အမျိုးသမီးအွခွင့်အေရး၊ ကျန်းမာရေးဆိုင်ရာအွခွင့်အေရးအားကာွကယ်စောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုး တက်မှုတို့ကို ထည့်သွင်းစဉ်းစားကာ ပြဋ္ဌာန်းမှုပြုရမည်။

- သင့်နိုင်ငံွတင် သစ်တောပြန်လည်ထူထောင်ရေး၊ လူမှုသစ်တောဆိုင်ရာချဉ်းကပ်မှု အောက်သစ်တော များအားထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြေယာအသုံးပြုခြင်းမှ ရာသီဥတုပြောင်းလဲမှုလျော့ကျခြင်းနှင့် ပတ်သက်သော ရှင်းလင်းသည့် ရေတိုေ-ရရှည် ပစ်မှတ်ထားရှိကြောင်း သေချာစေရမည်။

- သင့်အစိုးရအား သစ်တောပြုန်းတီးမှုလုံးဝကျူးလွန်ခြင်းမရှိသေးသည် ကုမ္ပဏီများအား တင်းကြပ်ေ သာမက်လုံးများ (သို့မဟုတ်) ပိတ်ဆို့မှုများပေးသော ဥပေဒပြဋ္ဌာန်းရန် တန်းအားပေးပါ။

## ဒေသန္တရအဆင့်

- တိုင်းပြုပြည်ပြုလွှတ်တော်နှင့်ွတွေ့ဆုံ၍ သစ်တောမီးလောင်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ လေထု ညစ်ညမ်းမှု (သို့မဟုတ်) ဇီဝမျိုးကဲွများဆုံးရှုံးခြင်းတို့နှင့်ပတ်သက်သည့်ပြဿနာများအေပါ် ၎င်းတို့၏ စိုးရိမ်ပူပန်မှု
နှင့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

# နိုင်ငံအလိုက်အခြေပြု အကြံပြုချက်များ



## ကေမ္ဘာဒီးယားနိုင်ငံ | Cရာသီဥတုအန္တရာယ်အညွှန်းကိန်း: ၁၁၅ နိုင်ငံပေါင်း ၁၈၁နိုင်ငံ

၂၀၀၁ ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ ကေမ္ဘာဒီးယားနိုင်ငံ့တွင် သစ် ၂.၃၁ Mha ပျက်စီးဆုံးရှုံးသွားပြီး ၎င်းသည် ၂၀၀၀ နှစ်မှ စ၍ သစ်ပင်ဖုံးလွှမ်းမှု ၂၆% ကျဆင်းမှုနှင့် $CO_2$ ထုတ်လွှတ်မှု၏ 973Mt နှင့်ညီမျှသည်။

- လူမှုသစ်တောဆိုင်ရာအစီအစဉ်များအောက် လူမှုအသိုက်အဝိုင်းမှသစ်တောစီမံခန့်ခွဲသူများသည် ၎င်းတို့၏ သစ်တောပြန်လည်ထူထောင်ခြင်း (သို့မဟုတ်) သစ်တောကာကွယ်စောင့်ရှောက် ခြင်းလုပ်ငန်းဆောင်တာ များတွင်လုံလောက်သောလျော်ကြေးများကိုပေးဆောင်သင့်ပြီး အခွင့်အရေးများနှင့်တိကျရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများရှိရမည်။
- ၂၀၁၀-၂၀၂၉ခုနှစ် အမျိုးသားသစ်တောအစီအစဥ်တွင်ဖော်ပြထားသည့်အတိုင်း ၂၀၂၉ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှု ပမာဏကို စုစုပေါင်း မြေဧရိယာ ၆၀%အထိ တိုးချဲ့ရန်နှင့် သစ်တော၂သန်း ဟတ်တာအား ခွဲဝေရန် ရည်မှန်းချက်အား ပြည့်မီရန်လိုအပ်သည်။
- ရှပ်ရာသစ်တောအစီအစဉ်များတွင်ပါဝင်လာရန် လူမှုအသိုက်အဝိုင်းအတွက် ကောင်းမွန်သောမြေယာများ နှင့်ကျိုးကြောင်းဆီလျော်မှုရှိသော ထုတ်လုပ်မှုစမ်းရည်ရှိရန်ပြင်ဆင်ပေးခြင်းဖြင့် လုံလောက်သော မက်လုံးပေးရ မည်ဖြစ်သည်။ထို့ပြင် လူမှုအသိုက်အဝိုင်းနှင့်ဒေသခံအစိုးရဝန်ထမ်းများ တိုးတက်ရန်၊ အဆိုတွင်သင်းရန် နှင့် လူမှုအသိုက်အဝိုင်းရှိ သစ်တောစီမံခန့်ခွဲမှုအစီအစဉ်အားစိစစ်ရန်အတွက် သင်တန်းများကိုပြင်ဆင်ပေးခြင်းဖြင့် လုံလောက်သည့်မက်လုံးပေးကြောင်း သေချာစေရမည်။.
- တရားမဝင်သစ်ထုတ်လုပ်မှုအားကိုင်တွဲရာထောက်ပံ့ကြေးငွေပေးခြင်းနှင့် ကြိုးပမ်းမှုအားထုတ်မှုကိုတိုးမြှင့် ခြင်း
- ကုမ္ပဏီများအနေဖြင့် သစ်တောပြုန်းတီးမှုကိုလုံးဝကျူးလွန်ခြင်းမရှိရန်နှင့် ၎င်းတို့၏လုပ်ငန်းဆောင်တာ များမှဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကို အေရးယူမည့် တရားဝင်ပိတ်ဆို့မှုများနှင့် တရားစီရင်ပိုင်ခွင့်ကိုသေချာစေရမည်ဖြစ်သည်။ မြေယာသိမ်းဆည်းခြင်းနှင့် မြေယာကျူးကျော်ခြင်းအတွက် အခွင့်ပေးခြင်းမှ ဖျက်သိမ်းပစ်ရန် ခိုင်မာသည့်ပိတ်ဆို့မှုများကို ချမှတ်ရမည်။

## အင်ဒိုနီးရှားနိုင်ငံ | ရာသီဥတုအန္တရာယ်အညွှန်းကိန်း ၅၀ နိုင်ငံပေါင်း၁၈၁နိုင်ငံ

၂၀၀၁ ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံ့တွင် သစ် ၂၆.၈ Mha ပျက်စီးဆုံးရှုံးသွားပြီး ၎င်းသည် ၂၀၀၀ နှစ်မှ စ၍ သစ်ပင်ဖုံးလွှမ်းမှု ၁၇% ကျဆင်းမှုနှင့် $CO_2$ ထုတ်လွှတ်မှု၏ ၁၀.၉Gt နှင့်ညီမျှသည်။

- လေထု၏အေရအသွေးနှင့်ပတ်သက်၍ တရားဝင်စောင့်ကြည့်ခြင်းအား တိုးတက်အောက်လုပ်ဆောင်ရန်နှင့် အချက်အလက်များကို လူထုမှရရှိနိုင်ရန် ပြင်ဆင်ပေးခြင်း
- ကာကွယ်ရန်၊ ပြန်လည်ပေါင်းစည်းရန်၊ နုံးမြေများကိုပြန်လည်ထူထောင်ရန်နှင့် နုံးမြေသို့ပြောင်းလဲရန်အစီ
- အစဉ်အားလုံးကို ဖျက်သိမ်းရန်P
- ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိကြောင်းသေချာစေရန်အတွက် ကုမ္ပဏီစိုက်ပျိုးရေး နယ်ပယ်များ၏ မြေပုံအေသးစိတ်အချက်အလက်များကို ထုတ်ဝေရမည်။ သတ်မှတ်ထားသည့် သစ်တောမီး လှောင်ကျမ်းမှုနှင့် သစ်တောပြုန်းတီးမှု စည်းမျဉ်းစည်းကမ်းများကို ကုမ္ပဏီများမှစိုက်ပျိုးရေး လုပ်ငန်းများ ပြုလုပ်ရာတွင် လေးစားလိုက်နာကြောင်း အစိုးရမှပုံမှန်စိစစ်ခြင်းပြုပုံကို ထုတ်ဝေရမည်။
- ကုမ္ပဏီများအနေဖြင့် သစ်တောပြုန်းတီးမှုကိုလုံးဝကျူးလွန်ခြင်းမရှိရန်နှင့် ၎င်းတို့၏လုပ်ငန်းဆောင်တာများမှဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကို အေရးယူမည့် တရားဝင်ပိတ်ဆို့မှုများ နှင့် တရားစီရင်ပိုင်ခွင့်ကိုသေချာစေရမည်ဖြစ်သည်။ အခွင့်ပေးခြင်းအား ဖျက်သိမ်းခြင်းကဲ့သို့သာ ခိုင်မာသည့် အုပ်ချုပ်ရေးစီမံခန့်ခွဲပိတ်ဆို့မှုများကို ချမှတ်ရန်ဖြစ်သည်။
- ၂၀၁၆ ခုနှစ်ကြေငြာချက်တင်ပါရှိကဲ့သို့ လူမှုအသိုက်အဝန်းစီမံခန့်ခွဲမှုအတွက် ပြည်နယ်သစ်တော ၁၂.၇သန်း ဟတ်တာကို လွှဲပြောင်းပေးရန် ရည်မှန်းချက်ပြည့်မီရေးကို သေချာအောင်ပြုလုပ်ရမည်။

## မလေးရှားနိုင်ငံ ရာသီဥတုအန္တရာယ်အညွှန်းကိန်း ၄၄ နိုင်ငံပေါင်း၁၈၁နိုင်ငံ

၂၀၀၁ ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ မလေးရှားနိုင်ငံ့တွင် သစ် ၈.၁၂ Mha ပျက်စီးဆုံးရှုံးသွားပြီး ၎င်းသည် ၂၀၀၀ နှစ်မှစ၍ သစ်ပင်ဖုံးလွှမ်းမှု ၂၈% ကျဆင်းမှုနှင့် $CO_2$ ထုတ်လွှတ်မှု၏ ၃.၅၅Gt နှင့်ညီမျှသည်။

- မလေးရှားနိုင်ငံအနေဖြင့် အင်ဒိုနီးရှားတွင်း သစ်တောမီးလောင်ကျွမ်းမှုအတွက် ၎င်းတို့၏ကိုင်ပိုင်တရားစီ ရင်ပိုင်ခွင့်အတွင်း၌ ကုမ္ပဏီများအားဆန့်ကျင်အရေးယူမှုပြုရမည်။ Sigapore Tranboundary Haze Pollution Act, 2014 တွင်ပါရှိသည့်နယ်မြေဥပမာကိုယူနိုင်ပါသည်။
- လူမှုရေးဆိုင်ရာသစ်တောအား ဒေသခံလူမှုအသိုက်အဝိုင်းဆီသို့လွှဲပေးရန် မြေနယာတစ်သမှတ်တည်း ထားရှိပါ။
- NDC ပါ ကတိကဝတ်ဖြစ်သည့် သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် မြေယာအသုံးပြုမှုအား ထပ်တူဖြစ်စေပါ။

## မြန်မာနိုင်ငံ : နိုင်ငံ၏သီဥတုအန္တရာယ်အညွှန်းကိန်း၆၉ နိုင်ငံပေါင်း၁၈၁နိုင်ငံ

၂၀၀၁ ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ မြန်မာနိုင်ငံ့တွင် သစ် ၄.၃ Mha ပျက်စီးဆုံးရှုံးသွားပြီး ၎င်းသည် သစ်ပင်ဖုံးလွှမ်းမှု ၁၀% ကျဆင်းမှုနှင့်ညီမျှသည်။

- သစ်တောပိုမိုပြုန်းတီးခြင်းအားကာကွယ်ရန်နှင့် ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးအားလေးစားရန်အတွက်မြေလွတ်၊မြေလပ်မြေရိုင်းစီမံခန့်ခွဲမှုမြေယာဥပဒေအား ပြန်လည်စိစစ်၍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပါ။
- ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးအသိအမှတ်ပြုမှုပေါ်အခြေခံကာ ပွင့်လင်းမြင်သာသည့် သစ်တောမြေယာလုပ်ပိုင်ခွင့်အား ရှင်းလင်းနိုင်မှုစာ ဖြစ်မြောက်စေရန်ဖြစ်သည်။
- ၂၀၁၈ခုနှစ်မှ ၂၀၃၀ ခုနှစ် လူမှုသစ်တောဆိုင်ရာနည်းဗျူဟာအရ သစ်တောမြေနေရာများကို ဒေသခံလူမှုအသိုက်အဝိုင်းသို့ လွှဲပြောင်းပေးရန်ရည်မှန်းချက်ပြည့်မီကြောင်း သေချာစေရမည်။
- ကုမ္ပဏီများအနေဖြင့် သစ်တောပြုန်းတီးမှုကိုလုံးဝကျူးလွန်ခြင်းမရှိရန်နှင့် ၎င်းတို့၏လုပ်ငန်းဆောင်တာများမှဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကို အရေးယူမည့် တရားဝင်ပိတ်ဆို့မှုများ နှင့် တရားစီရင်ပိုင်ခွင့်ကိုသေချာစေရမည်ဖြစ်သည်။ အခွင့်ပေးခြင်းအား ဖျက်သိမ်းခြင်းကဲ့သို့သော ခိုင်မာသည့် အုပ်ချုပ်ရေးစီမံခန့်ခွဲပိတ်ဆို့မှုများကို ချမှတ်ရန်ဖြစ်သည်။

## ထိုင်းနိုင်ငံ နိုင်ငံ၏ရာသီဥတုအန္တရာယ်အညွှန်းကိန်း10 နိုင်ငံပေါင်း၁၈၁နိုင်ငံ

*2019

၂၀၀၀ ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ ထိုင်နိုင်ငံ့တွင် သစ် ၁.၈ Mha ပျက်စီးဆုံးရှုံးသွားပြီး ၎င်းသည် သစ်ပင်ဖုံးလွှမ်းမှု ၉.၄% ကျဆင်းမှုနှင့်ညီမျှသည်။

- သစ်တောပြုန်းတီးမှုနှင့်ဆက်စပ်သောပစ္စည်းများကိုထုတ်လုပ်ဝယ်ယူရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုကိုမြင့်တင်ရန်နှင့် ကုမ္ပဏီများမှသစ်တောပြုန်းတီးမှုအား ကျူးလွန်ခြင်းမရှိရန်သေချာ စေရမည်။
- ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိကြောင်းသေချာစေရန် ကုမ္ပဏီ၏စိုက်ပျိုးရေးနယ်ပယ် အသေးစိတ်မြေပုံအချက်အလက်များကို ထုတ်ဝေပါ။ ၎င်းတို့၏ထုတ်လုပ်ရောင်းဝယ်မှုမှ ပျက်စီးသွားသော ပတ်ဝန်းကျင်ဆိုင်ရာများအတွက် တရားဝင်ပိတ်ဆို့မှုများကို ပြဌာန်းပါ။
- ဒေသခံလူမှုအသိုက်အဝန်းသို့ သစ်တောမြေယာများအား လွှဲပြောင်းပေးရန် မျှော်မှန်းချက်ပြည့်မီ ကြောင်းသေချာစေပါ။

၂၀၀၁ ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ ဗီယက်နန်နိုင်ငံ၌တင် သစ် ၂.၈၆ Mha ပျက်စီးဆုံးရှုံးသွားပြီး ၄င်းသည် သစ်ပင်ဖုံးလွှမ်းမှု ၁၇% ကျဆင်းမှုနှင့် $CO_2$ ထုတ်လွှတ်မှု၏ ၁.၀၃Gt နှင့်ညီမျှသည်။

- လူမှုရေးသစ်တောဆိုင်ရာပေါ်လစီများအောက် လူမှုအသိုက်အဝိုင်းများနှင့် အိမ်ထောင်စုများ၏ ကဏ္ဍများနှင့်တရားဝင်အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် ရှင်လင်းရန်ဖြစ်သည်။
- မြေယာတိုးချဲ့လုပ်ဆောင်မှုများမှ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၏ တန်းဖိုးနှင့် အေရအွေသးဖြင့် ရေရှည်တည်တံ့မှုမြှင့်တက်လာရန် ၂၀၂၁-၂၀၃၀ခုနှစ် ဗီယက်နန်သစ်တောဆိုင်ရာနည်းဗျူဟာကို ပြုပြင်ရမည်။
- သစ်တောစိုက်ပျိုးခြင်း၊ သစ်တောကာကွယ်စောင့်ရှောက်ခြင်း၊ သစ်တောရှင်သန်ရေးလုပ်ဆောင်မှုများ၊ မီးလောင်ကျွမ်းမှုခန့်ခွဲစီမံခြင်းနှင့် ပစ္စည်းကိရိယာကဲ့သို့သော သစ်တောကာကွယ်စောင့်ရှောက်မှု ပစ္စည်းများ ကိုတိုးမြှင့်ရမည်။
- ကုမ္ပဏီများအနေဖြင့်သစ်တောပြုန်းတီးမှုကိုလုံးဝကျူးလွန်ခြင်းမရှိရန်နှင့် ၎င်းတို့၏လုပ်ငန်းဆောင်တာများမှဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကိုအေရးယူမည့် တရားဝင်ပိတ်ဆို့မှုများနှင့် တရားစီရင်ပိုင်ခွင့်ကိုသေချာစေရမည်ဖြစ်သည်။

## ထပ်မံသိရှိလိုပါက:

- ၏ကြေညာစာတမ်း Manifesto နှင့် အင်တာနက်ပေါ်၌တွေ့ဆုံဟောပြောပွဲများ ASEAN နိုင်ငံ၏လွှတ်တော်အဖွဲ့ဝင်များသည် COVIDဖြစ်ပွားမှုမှ ထိခိုက်နစ်နာမှုများအတွက် ထိန်းသိမ်းမြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးပြန်လည်ထူထောင်ရန် ပြုလုပ်နိုင်သည်။
- FAO and UNEP. 2020. The State of the World's Forests 2020. Forests, biodiversity and people. Rome.
- RECOFT, ASEAN နိုင်ငံ၏ဒေသတွင်း လူမှုရေးဆိုင်ရာသစ်တောနှင့် ရာသီဥတုပြောင်းလဲမှု၊ အခြေအနေဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ 2020

နောက်ထပ်အကြောင်းအရာများအား သင်စိတ်ဝင်စားခြင်း သို့မဟုတ် ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ သင်၏နိုင်ငံနှင့်ပါလီမန်များကို အကြံပြုချက် ပေးလိုပါက ကျေးဇူးပြု၍ Cannelle Gueguen-Teil at: cannelle@aseanmp.org or info@aseanmp.org ဆက်သွယ်ပါ။

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

www.aseanmp.org | twitter / facebook / instagram: @aseanmp

APRIL 2021